# ရုံးလုပ်ငန်းဌာနများတွင် COVID-19ရောဂါ ကာကွယ်ရန်အတွက် အဆင်သင့် ဖြစ်နေစေရန် လုပ်ဆောင်ရမည့်နည်းလမ်းများ

**(Version 1.0)**

(၂-၆-၂၀၂၀)

- COVID-19 ရောဂါပိုးသည် အသက်ရှူလမ်းကြောင်းမှ ထွက်လာသော အစက်အမှုန်များမှ တစ်ဆင့် (သို့) အဆိုပါအစက်အမှုန်များနှင့် ညစ်ညမ်းနေသော မျက်နှာပြင်များအား ထိတွေ့မှုများမှတစ်ဆင့် ကူးစက်နိုင်ပြီး လုပ်ငန်းခွင်တွင် COVID-19 ရောဂါကူးစက်နိုင်ခြေသည် ဝန်ထမ်း တစ်ဦးနှင့်တစ်ဦး (၆)ပေအတွင်း အလုပ်လုပ်ကိုင်ရခြင်း (သို့) COVID-19 ရောဂါ ခံစားနေရသူများနှင့် မကြာခဏထိတွေ့မှုရှိခြင်း (သို့) ရောဂါပိုးနှင့်ထိတွေ့ထား သော အရာဝတ္ထုများ/ မျက်နှာပြင်များအား ထိတွေ့ကိုင်တွယ်ရခြင်းအပေါ် မူတည်နေပါ သည်။

- WHO ၏ လုပ်ငန်းခွင်အတွင်း COVID-19 ရောဂါ ကူးစက်မှုရှိနိုင်သောလုပ်ငန်းများကို ဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်မှု ပြုလုပ်ချက်အရ ရုံးလုပ်ငန်းဌာနများသည် ဝန်ထမ်း အချင်းချင်း (သို့) အများပြည်သူများ၊ ဧည့်သည်များ မကြာခဏ (သို့) အနီးကပ်ထိတွေ့မှုများရှိနိုင်သော်လည်း COVID-19 ရောဂါရှိသော (သို့) သံသယလူနာများနှင့် ထိတွေ့ရန် မလိုအပ်သောလုပ်ငန်းဖြစ်သောကြောင့် ထိတွေ့မှုအန္တရာယ် အလယ်အလတ်ရှိသော လုပ်ငန်းများအဖြစ် သတ်မှတ်နိုင်ပါသည်။

- ထိတွေ့မှုအန္တရာယ်အလယ်အလတ်ရှိသော လုပ်ငန်းများတွင် ပါဝင်သည့် အများပြည်သူနှင့် ဆိုင်သော မရှိမဖြစ်လိုအပ်သော လုပ်ငန်းများဖြစ်သော ရဲနှင့် လုံခြုံရေးလုပ်ငန်းများ၊ အစားအသောက် လက်လီရောင်းသောလုပ်ငန်းများ၊ တည်းခိုခန်းလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ပစ္စည်းပို့ဆောင်ရေးလုပ်ငန်းများ၊ ရေရရှိရေးနှင့်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ၊ ပြည်သူများနှင့်ထိတွေ့ဆက်ဆံမှုအများဆုံးရှိသည့်ဌာနများနှင့် Frontline worker များသည် အခြားထိတွေ့ဆက်ဆံမှုနည်းပါးသည့်လုပ်ငန်းများတွင် လုပ်ကိုင်သူများထက်လုပ်ငန်းခွင်တွင် ထိတွေ့မှုအန္တရာယ် မြင့်မားနိုင်ပါသည်။

# လိုက်နာရန်နည်းလမ်းများ

## ရုံးလုပ်ငန်းဌာနများတွင် ဝန်ထမ်းအပါအဝင် ဧည့်သည်များ လိုက်နာကျင့်သုံးရမည့် ကာကွယ်ရေး နည်းလမ်းများ

### ၁။ လက်ဆေးခြင်း (Hand Hygiene)

- ရေနှင့် ဆပ်ပြာကို အသုံးပြု၍ စက္ကန့် (၂၀) အကြာ လက်ဆေးခြင်း (သို့) alcohol အနည်းဆုံး ၆၀% ပါဝင်သော လက်သန့်စင်ဆေးရည်ဖြင့် မကြာခဏ စနစ်တကျ လက်ဆေးခြင်းကို
  - အလုပ်မစတင်မီ၊ အစာမစားမီ၊ အလုပ်လုပ်နေချိန်အတွင်း (အထူးသဖြင့် အခြား ဝန်ထမ်းများ၊ ဧည့်သည်များနှင့် ထိတွေ့ပြီးချိန်)၊ သန့်စင်ခန်း အသုံးပြုပြီးချိန်၊ ခန္ဓာကိုယ်မှ ထွက်သော အညစ်အကြေးများနှင့် ညစ်ပေနေသော အရာဝတ္ထုများ (လက်အိတ်များ၊ အဝတ်အစားများ၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ အသုံးပြုပြီးသော တစ်ရှူးစက္ကူများ၊ အမှိုက်များ) ကို ထိတွေ့ကိုင်တွယ်ပြီးချိန်၊ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို မကိုင်တွယ်မီအချိန်များတွင် ပြုလုပ်ရပါမည်။
- လက်ကို အသုံးပြု၍ အဖွင့်အပိတ်ပြုလုပ်ရန် မလိုသော လက်ဆေးရန်နေရာများ၊ လက်သန့်စင်ဆေးရည်များကို ရုံးဝင်ပေါက်/ထွက်ပေါက်များတွင် လည်းကောင်း၊ ရုံးလုပ်ငန်း ခွင်အတွင်းတွင်လည်း ဝန်ထမ်းများနှင့် ဧည့်သည်များအပါအဝင် အားလုံး အသုံးပြုနိုင်စေရန် အလုံအလောက် ထားရှိရပါမည်။

### ၂။ နှာချေ၊ ချောင်းဆိုးရာတွင် လိုက်နာရမည့်အချက်များ (Respiratory Hygiene)

- ရုံးလုပ်ငန်းခွင်အတွင်း ရှိသူများအားလုံး နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း လိုက်နာ ရမည့်အချက်များကို လိုက်နာကျင့်သုံးစေရန် အားပေးရပါမည်။
- နှာရည်ယို၊ ချောင်းဆိုးနေသူများ အသုံးပြုနိုင်စေရန် ပါးစပ်နှင့်နှာခေါင်းစည်းများ၊ တစ်ရှူးများ၊ စွန့်ပစ်ရန် အဖုံးပါသော အမှိုက်ပုံးများကို အလုပ်နေရာများတွင် ထားရှိ ပေးရပါမည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်များအတိုင်းပါးစပ်နှင့်နှာခေါင်း စည်း အသုံးပြုခြင်းနှင့် လိုအပ်သည့်အချိန်တွင် မျက်နှာအကာ(Face Shield)များ တပ်ဆင်ရပါမည်။

- ဝန်ထမ်း (သို့) အလုပ်သမား တစ်ဦးဦး အလုပ်လုပ်နေစဉ် နေမကောင်းဖြစ်ခြင်း ခံစားလာရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Surgical Mask) မဖြစ်မနေ တပ်ဆင်စေပြီး နီးစပ်ရာ ကျန်းမာရေးဌာနနှင့်ဆက်သွယ်၍ ညွှန်ကြားချက်များအတိုင်း ဆက်လက် ဆောင်ရွက်ရပါမည်။
- ပါးစပ်နှင့် နှာခေါင်းစည်းများကို စနစ်တကျ အသုံးမပြုပါက အန္တရာယ်ရှိသောကြောင့် အသုံးပြုရာတွင် စနစ်ကျစွာ တပ်ဆင်အသုံးပြုရန်နှင့် စနစ်တကျ စွန့်ပစ်ရန် အရေးကြီး ပါသည်။

## ၃။ တစ်ဦးနှင့် တစ်ဦးကြား အကွာအဝေး (Physical Distancing)

- အလုပ်ခွင်တစ်ခုတွင် ဝန်ထမ်းတစ်ဦးနှင့်တစ်ဦးတစ်အကြား (၆)ပေခွာ၍ အလုပ်လုပ် စေရန်၊ ဝန်ထမ်းများကိုတတ်နိုင်သမျှ မျက်နှာချင်းဆိုင် အလုပ်မလုပ်စေဘဲ ဘေးတိုက် သာနေရာချထားပြီးအလုပ်လုပ်စေရပါမည်။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီး ဌာနမှထုတ်လုပ်ထားသည့် စားပွဲတင်ပလတ်စတစ်အကာ(Plastic Cover) အားဝယ်ယူ အသုံးပြုသင့်ပါသည်။
- အဆောက်အဦအတွင်း လူထူထပ်မှု မရှိစေရန်အတွက် လုပ်ငန်းခွင်နေရာများ၊ ဝန်ထမ်း များ၊ ဧည့်သည်များ စုရုံးရောက်ရှိနိုင်သည့် အဝင်အထွက်နေရာများ၊ ဓါတ်လှေကား များ၊ လှေကားများတွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ ကွာနေစေရန် သတိပြုရမည်ဖြစ်ပြီး ဝင်ပေါက်ထွက်ပေါက်များတွင် လူစုလူဝေးကို ရှောင်ရှားနိုင်ရန် အလုပ်တက်/ဆင်းချိန်များကို ဖြစ်နိုင်ပါကခွဲ၍ သတ်မှတ်ပေးရပါမည်။
- ထမင်းစားသောက်ရာတွင် စုရုံးစားသောက်ခြင်းမပြုရန် နေရာများစီစဉ်ပေးပြီး စားသောက်စေရပါမည်။
- လူကိုယ်တိုင် တက်ရောက်ရသောအစည်းအဝေးများကို တတ်နိုင်သမျှ လျှော့ချရမည် ဖြစ်ပြီး မဖြစ်မနေပြုလုပ်ရပါက အစည်းအဝေးတက်ရောက်သူအရေအတွက်ကို တတ်နိုင်သမျှ လျှော့ချ၍ တစ်ဦးနှင့်တစ်ဦးအကြား (၆)ပေအကွာ နေရာချထားနိုင်ရန် စီစဉ်ထားရပါမည်။
- လုပ်ငန်းခွင်အတွင်း လူအများစုဝေးပြီး အထိအတွေ့များနိုင်သော လူမှုရေးပွဲလမ်းများ ကို ရပ်နားခြင်း (သို့) ရွှေ့ဆိုင်းခြင်းများ ပြုလုပ်သင့်ပါသည်။

- ဝန်ထမ်းများအား အလုပ်တက်/ဆင်းပြုလုပ်ရန်အတွက် ဝန်ထမ်းကြို/ပို့ယာဉ်များကို Physical Distancing နှင့်အညီ စီစဉ်ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအားလုံး ပါးစပ်နှင့်နှာခေါင်းစည်း(Mask)များ တပ်ဆင်၍စီးနင်းရပါမည်။ ထိုင်ခုံများ၌ နှစ်ယောက်မထိုင်ဘဲ တစ်ယောက်ချင်းစီသာ ထိုင်၍ခြားလွယ်ခုတ်အနေအထားဖြင့် ထိုင်ရပါမည်။

## ၄။ အလုပ်နှင့်ပတ်သက်သည့် ခရီးများလျှော့ချခြင်း၊ လျှော့ချနိုင်ရန်စီမံခြင်း

- ပြည်သူလူထုအတွင်း ရောဂါကူးစက် ပျံ့နှံ့မှုရှိသောဒေသများသို့ မလိုအပ်သော ခရီးသွားလာမှုများကို ဖျက်သိမ်းခြင်း (သို့) ရွှေ့ဆိုင်းခြင်းများ ပြုလုပ်သင့်ပါသည်။ မဖြစ်မနေ ခရီးသွားရမည့်သူများကို လက်သန့်စင်ဆေးရည်ထောက်ပံ့ပေးခြင်း၊ သက်ဆိုင်ရာဒေသအလိုက် ထုတ်ပြန်ထားသော လမ်းညွှန်ချက်များအားလုံး (ဖျားနာပါက မည်သူ့ကို ဆက်သွယ်ဆောင်ရွက်ရမည်ကို အကြံပေးခြင်းအပါအဝင်) လိုက်နာဆောင်ရွက်စေရပါမည်။
- COVID-19 ဖြစ်ပွားမှုရှိသော ဒေသမှပြန်လာသူဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများနှင့်ဆက်သွယ်စေ၍ ဒေသအလိုက် ထုတ်ပြန်ထားသောလမ်းညွှန်ချက်များတို့ကို လိုက်နာဆောင်ရွက်စေရပါမည်။

## ၅။ သန့်ရှင်းရေး ပုံမှန်ပြုလုပ်ခြင်းနှင့် ပိုးသတ်သန့်စင်ခြင်း

- ထိတွေ့မှု အများဆုံး ရှိနိုင်သည့် မျက်နှာပြင်များ (တံခါးလက်ကိုင်များ၊ မီးခလုတ်များ၊ အိမ်သာများနှင့်ရေဆွဲခလုတ်များ၊ ကွန်ပျူတာကီးဘုတ်များနှင့် အလုပ်စားပွဲမျက်နှာပြင်များ၊ ရုံးကြိုပို့ယာဉ်၏ထိုင်ခုံများနှင့်လက်တန်းများ၊ လက်ကိုင်နေရာများ)ကို ဦးစားပေးအနေဖြင့် မကြာခဏ ပိုးသတ်သန့်စင်ရမည်ဖြစ်ပြီး ကြမ်းပြင်များကိုလည်း တစ်နေ့တစ်ကြိမ် ပိုးသတ်သန့်စင်ရပါမည်။ ပိုးသတ်သန့်စင်ရာတွင် ကလိုရင်းကိုအခြေခံ၍ ထုတ်လုပ်ထားသော ပိုးသတ်သန့်စင်ဆေးရည် (0.1% Sodium Hypochlorite Solution (သို့မဟုတ်) 0.1% Calcium Hypochlorite Solution) နှင့် 70% Ethyl Alcoholတို့ကို အသုံးပြုနိုင်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) (သို့မဟုတ်) လူမှုကွန်ရက်စာမျက်နှာ (www.facebook.com/MinistryOfHealthAndSportsMyanmar)တွင်ထုတ်ပြန်ထားသော ညွှန်ကြားချက်အတိုင်း ပိုးသတ်သန့်စင်ရပါမည်။

- အိမ်သာအသုံးပြုရန်အတွက် ဝန်ထမ်းအများအပြား စောင့်ဆိုင်းရခြင်းမရှိစေရန်၊ အိမ်သာထဲတွင် အမှိုက်ပုံးများကိုအလုံအလောက် ထားရှိပေးရန်နှင့် မကြာခဏ အမှိုက်သိမ်းဆည်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်း၊ ရေဆိုးစွန့်ထုတ်ခြင်းစနစ်နှင့် မိလ္လာစနစ်တွင် ယိုစိမ့်မှုများ မရှိစေရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးရပါမည်။
- အဆောက်အဦအတွင်းရှိ လုပ်ငန်းခွင်နေရာများတွင်လည်းကောင်း၊ အဆောက်အဦပြင်ပရှိ နေရာများတွင်လည်းကောင်း ပိုးသတ်ဆေးအသုံးပြု၍ ဆေးမှုတ်ခြင်း၊ ဆေးဖျန်းခြင်းများ၊ အခန်းငယ်နှင့်အလုံခန်းများ အသုံးပြု၍ လူများကို ပိုးသတ်သန့်စင်ဆေးရည်ဖြင့် ပိုးသတ်သန့်စင်ခြင်းများသည် မှန်ကန်သော ပိုးသတ်သန့်စင်ခြင်းနည်းလမ်းဖြစ်ကြောင်း သိပ္ပံနည်းကျသက်သေအထောက်အထားများ မတွေ့ရှိရသေးသည့်အပြင် မျက်လုံး၊ အသက်ရှူလမ်းကြောင်းနှင့် အရေပြားတို့ကို ထိခိုက်စေနိုင်သောကြောင့် မပြုလုပ်သင့်ပါ။

## ၆။ ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်ခြင်း၊ သင်တန်းပေးခြင်းနှင့် ပညာပေးခြင်း

- ဝန်ထမ်းများ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် ဗဟုသုတတိုးပွားစေရန် နံရံကပ်စာစောင်များ၊ ဗွီဒီယိုများ၊ အီလက်ထရောနစ်သတင်းစကားများအသုံးပြု၍ ပညာပေးခြင်း ပြုလုပ်ရပါမည်။ ထိုသို့ပြုလုပ်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့များမှ တရားဝင်ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကိုသာ အသုံးပြုခြင်းဖြင့် ကောလဟလသတင်းအမှားများကို ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။

## ၇။ COVID-19 သံသယရှိသော ဝန်ထမ်းများအား စီမံခြင်း

- ဝန်ထမ်းတစ်ဦးသည် အောက်ပါအချက်များအနက် တစ်ခုခုနှင့်ကိုက်ညီနေပါက ရုံးဌာနသို့ မလာရောက်စေဘဲ မိမိအိမ်တွင်သာ သီးသန့်နေစေရန်နှင့် ကျန်းမာရေးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှု ခံယူရပါမည်။
    - ဖျားခြင်း (အပူချိန် ၃၈ C/ ၁၀၀.၄ F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့် သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊

- (COVID-19)ခေတ်ခွဲအတည်ပြုလူနာနှင့် လွန်ခဲ့သော (၁၄)ရက်အတွင်းထိတွေ့မှု ရှိခဲ့ခြင်း၊
- (COVID-19)ရောဂါ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခံရသူ၊ အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် တစ်အိမ်တည်းတွင် အတူတကွနေထိုင်ခြင်း၊

- ဝန်ထမ်းတစ်ဦး လုပ်ငန်းခွင်အတွင်း COVID-19 ရောဂါသံသယဖြင့် နေမကောင်းဖြစ်ပါက ထိုသူအားသီးသန့်ထားထားရှိ၍ နီးစပ်ရာဆေးရုံ/ဆေးခန်းသို့ချက်ချင်း ဆက်သွယ်အကြောင်းကြားရပါမည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်းနှင့် ပိုးတွေ့ရှိပါက ဆောင်ရွက်သင့်သည်များကိုဆက်လက်ညှိနှိုင်းဆောင်ရွက်ပေး မည်ဖြစ်ပါသည်။
- ဝန်ထမ်းများ အလုပ်တက်/ဆင်းမှတ်တမ်းနှင့် အစည်းအဝေးတက်ရောက်မှုမှတ်တမ်းများလက်မှတ်ရေးထိုးခြင်းအားယခုကာလအတွင်းဆောင်ရွက်ရန်မသင့်ပါ။ အခြားနည်းလမ်းဖြင့်သာဆောင်ရွက်သင့်ပါသည်။

## အထက်ဖော်ပြပါ အချက်အလက်များအပြင် -

(၁) ရုံးဝင်ပေါက်နေရာများတွင် ဝန်ထမ်းများနှင့် ဧည့်သည်များအားလုံး ရုံးထဲသို့မဝင်မီ Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးပြီးမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်စေခြင်းကိုဆောင်ရွက်ရပါမည်။ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးပေးသည့် ဝန်ထမ်းများကို ပါးစပ်နှင့်နှာခေါင်းစည်း (Mask)နှင့် လက်အိတ် (Glove)၊ တို့ကို မဖြစ်မနေဝတ်ဆင်နိုင်ရန် ဆောင်ရွက်ပေးပါ။ သို့ရာတွင် ကိုယ်အပူချိန်တိုင်းတာခြင်းသည်ရောဂါရှိ/မရှိအတိအကျခွဲခြားပေးနိုင်ခြင်းမရှိပါ။ (၃၀.၅.၂၀၂၀)နေ့အထိရရှိထားသည့်အချက်အလက်များအရ ရောဂါပိုးတွေ့သူ (၂၀၆)ဦးတွင်(၁၄၄)ဦး (၆၄)%ခန့်သည် ရောဂါလက္ခဏာမပြဘဲပိုးရှိနေသည်ကိုတွေ့ရပါသည်။

**မြန်မာနိုင်ငံတွင်(၂၇.၅.၂၀၂၀)နေ့အထိ တွေ့ရှိရသည့် COVID-19ရောဂါ လက္ခဏာများမှာ ဖျားနာခြင်း(၆၇%)၊ချောင်းဆိုးခြင်း(၄၆%)၊မောခြင်း(၂၂%)၊လည်ချောင်းနာခြင်း(၁၆%)၊အားအင်ကုန်ခမ်းခြင်း(၁၅%)၊ကြွက်သားနှင့်အဆစ်အမြစ်များနာကျင်ခြင်း(၁၅%)၊ နှာချေခြင်း/နှာစေးခြင်း(၁၃%)၊ အနံ့/အရသာမရခြင်း(၁၃%)၊ ဗိုက်နာခြင်း/ဝမ်းပျက်ဝမ်းလျှောခြင်း/အံခြင်း (၁၁%) တို့ဖြစ်ပါသည်။**

(၂) ရုံးခန်းများအားလုံး လေဝင်လေထွက်ကောင်းစေရန် ဆောင်ရွက်ထားရပါမည်။

(၃) ဝန်ထမ်းများ အလုပ်တက်ရောက်ခြင်းရှိ/မရှိ ဆန်းစစ်ရာ၌ ဝင်ပေါက်နေရာတွင် ကြီးကြပ်ရေးမှူးများအား တာဝန်ချထားပြီး ကြီးကြပ်ဆောင်ရွက်ပါ။ (စာရွက်ပေါ်တွင် စုရုံး လက်မှတ်ထိုးခြင်း၊ Fingerprint scanners ဖြင့် ရုံးတက်/မတက် ဆန်းစစ်ခြင်း တို့ကို ရှောင်ကြဉ်ပါရန်)။

**လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့်**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**(၂-၆-၂၀၂၀)**

References:
1. Considerations for public health and social measures in the workplace in the context of COVID-19 , WHO, released on 10 May 2020
2. Interim Guidance for Businesses and Employers Responding to Coronavirus Disease 2019 (COVID-19), May 2020, US CDC.
3. Getting your workplace ready for COVID-19, WHO, released on 3 March 2020